ရှမ်းကွင်းကျေးရွာ

မွေတော်ရှမ်းစုကျေးရွာအုပ်စု၊ မြောင်းမြမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရှမ်းကွင်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြောင်းမြမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဧန်နဝါရီလ၊ ၂၀၂၀

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု (၄၈)ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

မွေတော်ရှမ်းစုကျေးရွာအုပ်စု၊ ရှမ်းကွင်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၏ မြောက်ဘက်တွင်တည်ရှိပြီး မြောင်းမြမြို့နှင့် (၃)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ ရွေးမြစ်တလျှောက်တည်ထားပြီး မွေတော်ချောင်း၊ သမဲ့ချောင်း၊ တယ်ကျောင်းချောင်း၊ ငှက်ချောင်းချောင်း၊ တာပေါင်ချောင်း၊ တံတားကူးချောင်း တို့နှင့်လည်း ထိစပ်လျှက်ရှိသော ကျေးရွာ ဖြစ်ပါသည်။ ရှမ်းကွင်းကျေးရွာသည် မြစ်ဝကျွန်း ပေါ်ဒေသဖြစ်သည်နှင့် အညီမြစ်ချောင်း၊ မြောင်းများပေါများသည်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နိုင်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရှမ်းကွင်းကျေးရွာတွင် မိုးရေချိန်လက်မ (၈၀)ခန့်ရှိပါသည်။ သဘာဝပေါက်ပင်များ မှာ ကုက္ကိုပင်၊ ခနိတောများ၊ လမုပင်၊ မလေးရှားပင်၊ ဆန်ကာပင်၊ ညောင်ပင်၊ ရွက်လှ်င် စသည့် အပင်များလည်း ပေါက်ရောက်တတ်ပါသည်။ မိုးစပါးသီးနှံစိုက်ပျိုးသောလယ် (၃၀၀)ဧကရှိပါသည်။ နွေစပါးစိုက်ပျိုးသော လယ်၃၀၀)ဧကကိုမြစ်ချောင်းများမှ ရေကိုစုပ်တင်ပြီး စိုက်ပျိုးနိုင်ကြပါသည်။ နှစ်ရှည်စားသုံးရန်အတွက်ကို သီးနှံပင်များဖြစ်သော သရက်၊ အုန်းပင်၊ မာကလာပင်၊ ကွမ်း သီးပင်များကိုလည်းစိုက်ပျိုးကြပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ရှမ်းကွင်းကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းအများနှင့်ဆိုင်သော သာရေး၊ နာရေး၊ လုပ်ငန်းကိစ္စများတွင်ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ အမျိုးသမီး/သားလူငယ်အဖွဲ့လည်းဖွဲ့စည်းထားပါသည်။ ရှမ်းကွင်းကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း ဂေါပက အဖွဲ့၊ကျေးရွာတွင် အရံမီးသတ်တပ်ဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့များလည်းဖွဲ့စည်းထားပါသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များလည်းဖွဲ့စည်းထားပါသည်။ ရှမ်းကွင်းကျေးရွာ တွင်သာရေး၊ နာရေးကိစ္စအဝဝကိုလည်း စည်းလုံးညီညာစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ရှမ်းကွင်းကျေးရွာတွင် ပြင်ပမှအသေးစားချေးငွေများဖြစ်သော ကျေးရွာမှချေးပေးသော စတာပါနာ၊ Easy၊ ပက်စ်စသည့်ချေးငွေရုံးများမှ ကျေးရွာ

အတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့များနှင့် တိုင်ပင်ညှိနှိုင်းပြီးသက်ဆိုင်ရာစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ရုံမျှသာဖွဲ့စည်းထားသည့်ပုံစံသာဖြစ်ပါသည်။ သာရေး၊ နာရေး၊ လှူရေးတန်းရေးကိစ္စများ ဆောင်ရွက်ရန်ဖွဲ့စည်းထားသော အဖွဲ့အစည်းများကလည်းအားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းချ၍ရေရှည်ဆောင်ရွက်နိုင်မည်အဖွဲ့အစည်းများလည်း ရေရှည်ခိုင်ခန့်တည်မြဲနိုင်အောင်ဖွဲ့စည်းထားပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ရှမ်းကွင်းကျေးရွာတွင် အဓိကငွေရလုပ်ငန်းများမှာရေလုပ်ငန်းနှင့် အဓိကကျသော ကုန်စုံဆိုင်များနှင့် ခေါင်းရွက်ဖြတ်ထိုးစျေးသည်များသာ ပေါများပါသည်။ ကုန်စုံဆိုင်များမှလည်း ဆီ၊ ဆား၊ ငြုပ်သီး၊ ကြက်သွန်များကိုလည်းရောင်းပါသည်။ ခရီးသွားလာရန်အတွက် ဆိုင်ကယ်များလည်းရှိပါသည်။ ဆိုင်ကယ်နှင့် စက်လှေများသွား လာရန်အတွက်စျေးဆိုင် များမှာ ဒီဇယ်၊ ဓါတ်ဆီစသည့် ပစ္စည်းများကိုလည်း ရောင်းချပေး ပါသည်။ နံနက်စောစော အချိန်မှာ ပြည်သူများအဆာပြေအဖြစ်စားသုံးရန် စျေးသယ်များကလည်း မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ အကြော်နှင့် အအေး၊ လက်ဖက်ရည်များကိုလည်းရောင်းချပေးပါသည်။ ခေါင်းရွက်ဖြတ်ထိုးစျေးသယ်များ ဟင်းသီးဟင်းရွက်များကိုလည်းရောင်းချပေးပါသည်။ ရှမ်းကွင်း ကျေးရွာတွင် မိုးစပါးစိုက်ပျိုးဧက(၃၀၀)၊ ဥယျာဉ်ခြံစိုက်ပျိုးနိုင်သောမြေ (၁၀.၅) ဧကရှိပြီး မိုးစပါးစိုက်ပျိုးပြီး လယ်ကွက်များပေါ်တွင် နွေစပါးကိုလည်းသီးထပ်အဖြစ်လည်း စိုက်ပျိုးပါသည်။ ကျေးရွာမှ မိုးစပါးတင်ရေ(၁၅၀၀၀)တင်း၊ နွေစပါးတင်းရေ(၂၇၀၀၀)တင်းခန့် ထွက်ရှိပါသည်။ နွေစပါးများစိုက်ပျိုးရာတွင် ကျဲပတ်စနစ်ဖြင့်လည်းစိုက်ပျိုးပါသည်။ မိုးစပါးများကိုလည်း ဇူလိုင်လနှင့်သြဂုတ်လတွင်စတင်စိုက်ပျိုးလေ့ရှိပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသူ/သားများသည်သန့်ရှင်းသောသောက်သုံးရေ၊ သုံးရေ သုံးစွဲနိုင်ရန် ရေကန်၊မိုးရေလှောင်ကန်နှင့်အဝီစိတွင်းများမှရရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စု အများ

စုသည် ရေကန်များသာ သုံးစွဲကြသည်။ ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ဆေးပေးခန်းရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဧကလျှင် (၁၅၀၀၀/-) ကျပ်နှုန်းဖြင့် (၁၀)ဧကအကန်အသတ်ဖြင့်သာထုတ်ချေးပါသည်။ အခြားအသေးစားချေးငွေဝန်ဆောင်မှုများ လည်းရှိပါသည်။ စက်မှုလယ်ယာသို့ကူးပြောင်းနိုင်ရန်အတွက် နိုင်ငံတော်မှရိတ်သိမ်းစက် ၊ လယ်ထွန်စက်များဝယ်ယူနိုင်ရန် ပံ့ပိုးမှုများမရှိခြင်းကြောင့် အခက်အခဲများကြုံတွေ့ရပါသည်။

(င) ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်းတွေ့ရှိရပါ သည်။ ကျေးရွာသူ/သားအများစုသည်အခြေခံအရေး၊ အဖတ်အတွက်သာတက်မြောက်ကြပြီး တက္က သိုလ်မှ ဘွဲ့ရသူအနည်းငယ်လည်းရှိပါသည်။ ကျေးရွာတွင်အခြေခံပညာ မူလတန်းကျောင်းရှိ၍ အနီး အနားကျေးရွာသူ/သားများအပြင် ပတ်ဝန်းကျင်ရှိကျေးရွာများမှလည်း လာရောက်ပညာ သင်ကြားကြပါသည်။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှုနည်းပါးပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတက်ပြီး လူကြီး၊ လူငယ်တို့တွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိပါသည်။ စပါး၊ ဟင်းသီးဟင်းရွက်၊ ပဲမျိုးစုံ၊ သစ်သီးမျိုးစုံစိုက်ပျိုးထွက်ရှိခြင်း အလုပ်အကိုင် အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက်နေ့စဉ် ဝင်ငွေ အထိုက်အလျောက်ရှိ သောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင်ယေဘုယျအားဖြင့် အာဟာရ ဓာတ်ချိုတဲ့မှုမရှိကြပါ။

ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာတွင် ကျေးလက်ဆေးပေး ခန်းရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်ခြင်း ဝန်ဆောင်မှုများ ရရှိပါသည်။ ကလေးသူငယ်များ အတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေများသည်နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ ဟင်းသီးဟင်းရွက်များစိုက်ပျိုးခြင်း ဓါတုဗေဒအဖြစ်ကွန်ပေါင်းမြေဩဇာများကိုလည်း အသုံးပြုကြပါသည်။ သဘာဝမြေဩဇာအသုံး မပြုရခြင်းကြောင့် မြေဆီလွှာပျက်စီးမှုများ အနည်းငယ်တွေ့ရှိရပါသည်။ ဆောင်းရာသီတွင် စိုက်ပျိုးသော ဟင်းသီးဟင်းရွက်စိုက်ခင်းများ ဆောင်းစပါး စိုက်ခင်းများတွင် ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်းကို ထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများ အသုံးပြုရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်မှုရှိပါသည်။ လယ်သမားများအား တစ်ခါတစ်ရံ စပါးခင်းများကြွက်များမှ ပျက်ဆီးခြင်း၊ရွက်ဖြတ်နှင့်ရွက်လိပ်ပိုးများလည်းဖျက်ဆီးမှုတို့ကို ကြုံတွေ့ရတတ်ပါသည်။

(ဇ) ကျား – မ ရေးရာ

ကျား၊ မဆိုင်ရာအခွင်အရေးအနေဖြင့် ကျေးရွာဒေသဖွံ့ဖြိုးရေးအခြေအနေများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူဦးဆောင်လေ့ရှိပါသည်။ အမျိုးသမီးများသည်အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ဟင်းချက်၊ ရေခပ်၊ ခလေးထိန်း စသော ကိစ္စများနှင့် အခြား လူမှုရေးကိစ္စများဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်း520ခွင်တွင် အမျိုးသမီးများမှာ ကောက်ရိတ်၊ ကောက်စိုက်လုပ်ကိုင်ကြပြီး၊ အမျိုးသားများကလည်း လယ်ယာမြေထွန်ယက် ခြင်း၊ ပျိုးနှုတ်ခြင်းစသည့်လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ ဘာသာရေးအထိမ်းအမှတ် ဖြင့် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် ရှင်ပြု အလှူပွဲများ၊ ဘုံကထိန်ပွဲများနှင့် တရားပွဲများ ကျောင်းထိုင်ဆရာတော်မှ ဦးဆောင်ပြီး၊ အမျိုးသားများနှင့်

အမျိုးသမီးများမှ ဝိုင်းဝန်း ကူညီ ဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခငွေပိုမိုရရှိကြောင်း တွေ့ရှိရပါသည်။

ကျေးရွာဦးစားပေးစီမံချက်များ

မြောင်းမြမြို့နယ် ရှမ်းကွင်းကျေးရွာ

စဉ်	ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အမည်	ရမှတ်	ဦးစားပေး အဆင့်
၁	ကျေးရွာအတွင်းကွန်ကရစ်(wheel track) လမ်းရရှိရေး စီမံချက်	၁၀၀	၁
၂	မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးစီမံချက်	၈၅	၂
၃	ကျေးရွာအားကစားကွင်းရရှိရေးစီမံချက်	၇၅	၃
၄	ကျေးရွာစာကြည့်တိုက်ရရှိရေးစီမံချက်	၇၄	၄
၅	ကျေးရွာဆိပ်ခံတံတားရရှိရေးစီမံချက်	၆၅	၁

ပြုစုသူအမည် - ဦးကောင်းထက်ကျော်　　ဖုန်းနံပါတ်-
၀၉၆၉၈၁၅၃၅၉

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်း များ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	လမ်း/မီး					
၁	• ကျေးရွာတွင်းလမ်း သွားလာရခက်ခဲခြင်း	• ကျေးရွာအဝင်လမ်းမှာမြေသားလမ်းဖြစ်ပြီးကျေးရွာအုပ်စုရွာများနှင့်အုပ်စုခွဲရွာများဖြစ်သည့်ရွာပေါင်း(၅)ရွာမှဖြတ်သန်းသွားလာမှုများခြင်း • မိုးရာသီတွင်ရေအိုင်များ ချိုင်ခွက်များနှင့်ဗွက်ထနေခြင်း	• ကျေးရွာမှလမ်းခင်းရန်အလွန် ဆန္ဒပြင်းပြနေခြင်း၊လုပ်အားပါဝင်နိုင်ခြင်း၊ငွေကြေးတက်နိုင်သလောက်ထည့်ဝင်နိုင်ခြင်း၊ကျေးရွာသူ/သားများစည်းလုံးမှုရှိခြင်း	• ကျေးရွာလူထုမှလမ်းခင်းရန်အတွက်ငွေကြေးမပြည့်စုံခြင်း၊ • လမ်းခင်းရန်အတွက် အတွေ့အကြုံနှင့်နည်းပညာမရှိခြင်း	• အထောက်အပံ့ပေးနိုင်သောအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း • အိမ်ထောင်စုအလိုက်ငွေကြေးသတ်မှတ်၍ကောက်ခံခြင်း	ကျေးရွာတွင်းကွန်ကရစ်(wheel track)လမ်းရရှိရေးစီမံချက် (၁၈၀၀'×၂'×၆")၂
၂	• မဟာဓာတ်အားလိုင်းမှလျှပ်စစ်မီးမရရှိခြင်း၊	• အသေးစားစက်မှုလက်မှုလုပ်ငန်းများလုပ်ကိုင်၍မရခြင်း	• ကျေးရွာမှမဟာဓါတ်အားလိုင်းနှင့်(၃)မိုင်အတွင်းတည်ရှိခြင်း • ကျေးရွာမှငွေကြေးအသင့်အတင့်နှင့်လုပ်အားစိုက်ထုတ်နိုင်ခြင်း • မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးရရှိပါကအသုံးပြုမည့်သူများခြင်း၊ကျေးရွာသူ/သားများစည်းလုံးညီညွတ်ခြင်း	• ကျေးရွာမှကိုယ်ထူကိုယ်ထဆောင်ရွက်ရန်အတွက်ငွေကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း	မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးရရှိရေးစီမံချက်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်း များ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
						•

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်း များ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	ကဏ္ဍ-လူငယ်					
၃	• အားကစားကွင်းမရှိခြင်း၊အားကစားပစ္စည်းမရှိခြင်း	• ကိုယ်လက်ကြံ့ခိုင်မှုအသိမရှိခြင်း	• ကျယ်ဝန်းသောမြေနေရာရှိခြင်း • ကျေးရွာအားကစားကွင်းပြုလုပ်ရန်စိတ်အားထက်သန်သောလူငယ်အင်အားရှိခြင်း • ကျေးရွာမှငွေကြေးအသင့်အတင့်ထည့်ဝင်နိုင်ခြင်း	• ကိုယ်ထူကိုယ်ထ ြ ြလုပ်ရန်ငွေကြေ ားမလုံမလောက်ခြင်း နည်းပညာနှင့်လုပ်ငန်းကျွမ်းကျင်မှုအားနည်းခြင်း	• ပြင်ပအလှူရှင်ရှာဖွေခြင်း • သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်၍စီစဉ်ဆောင်ရွက်ခြင်း • ကျေးရွာအိမ်ထောင်စုမှအလှူခံတောင်းခံခြင်း	အားကစားကွင်းရရှိရေးစီမံချက်
၄	• ကျေးရွာစာကြည့်တိုက်မရှိ ခြင်း	• ကျေးရွာတွင်းစာကြည့်တိုက်မရှိခြင်း ကြောင့်လူငယ်များစာပေဗဟုသုတများလေ့လ ာနိုင်ရန် မရှိခြင်း	• မြေနေရာပေးနိုင်ခြင်း • ငွေကြေးအသင့်အတင့်ထည့်ဝင်နိုင်ခြင်း • ကျေးရွာသူ/သားများကစိတ်အ ား ထက်သန်နေခြင်း	• ကိုယ်ထူကိုယ်ထ ဆောက်လုပ်ရန် ငွေကြေးမပြည့်စုံ ြခြင်း	• သက်ဆိုင်ရာဌာန များနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ခြင်း	ကျေးရွာစာကြည့်တိုက်ရရှိရေးစီမံချက် (၄၀'×၆၀')

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်း များ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်း များ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	ကဏ္ဍ–တံတား					
၅	• စက်လှေများ ဆိုက်ကပ်ရန်တံတားမရှိခြင်း	လက်ရှိအခြေအနေ မှာ သစ်သားဆိပ်ခံတံတားဖြစ်ပြီး ၎င်းတံတားမှာ နှစ်ပေါင်းကြာမြင့်ခဲ့ပြီးဖြစ်ပြီး ပျက်ဆီးကျိုးပဲ့နေခြင်း	• ငွေကြေးအသင့်အတင့် ထည့်ဝင်နိုင်ခြင်း • လုပ်အားတွင်ပါဝင်နိုင်ခြင်း • ဦးဆောင်ဦးရွက်ပြုလုပ်မည်သူရှိ ခြင်း	• ကျေးရွာမှဆိပ်ခံတံတားဆောက်လုပ်နိုင်ရန်ငွေကြေးအင်အားအကုန်လုံးမတက်နိုင်ခြင်း	• အထောက်အပံ့ပေးနိုင်သောသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	ကွန်ကရစ်ဆိပ်ခံတံတား ရရှိရေးစီမံချက် (၃၀'×၁၀'×၁၅")

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ	
	•		•	•	•		

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	•	•	•	•	•	
		•	•			•

မြောင်းမြမြို့နယ်၊ မွေတော်ရှမ်းစုကျေးရွာအုပ်စု၊ ရှမ်းကွင်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်ဆန်း	ဦးထွန်းရင်	၁၄/မမန(နိုင်) ဝ၇၆၁၆၇	၆၂	ဥက္ကဋ္ဌ	၀၉-၄၂၄၆၃၉၈၃၃
၂	ဦးတင်ငွေ	ဦးဖိုးမောင်	၁၄/မမန(နိုင်) ၁၇၈၅၄၆	၇၅	ဒု- ဥက္ကဋ္ဌ	-
၃	ဦးလှသန်း	ဦးကျော်	၁၄/မမန(နိုင်) ဝ၇၆၀၀၇	၆၅	အတွင်းရေးမှူး	၀၉-၄၂၂၅၀၇၀၇၆
၄	ဦးထွန်းသိန်း	ဦးသောင်စိန်	၁၄/မမန(နိုင်) ဝ၇၇၉၅၇	၅၇	ဘဏ္ဍာရေးမှူး	
၅	ဦးမျိုးဇော်	ဦးလှသန်း	၁၄/မမန(နိုင်) ဝ၇၁၈၄၆	၃၂	စာရင်းကိုင်(၁)	၀၉-၄၂၂၅၀၇၀၇၆
၆	ဦးရဲသူအောင်	ဦးကျော်ဆန်း	၁၄/မမန(နိုင်) ၃၀၁၉၆၃	၂၂	စာရင်းကိုင်(၂)	၀၉-၆၉၄၆၉၄၉၅၁
၇	ဦးဆန်းထွေး	ဦးလှမောင်	၁၄/မမန(နိုင်) ဝ၇၇၉၈၄	၅၅	သော့ကိုင်(၁)	၀၉-၉၇၈၆၇၄၂၈၉
၈	ဒေါ်လုံးအေး	ဦးမှတ်ကြီး	၁၄/မမန(နိုင်) ဝ၉၁၉၅၆	၆၅	အဖွဲ့ဝင်	-
၉	ဒေါ်မမြင့်အေး	ဦးလှမြင့်	၁၄/မမန(နိုင်) ၃၂၁၅၉၅	၅၂	အဖွဲ့ဝင်	-
၁၀	ဒေါ်သန်းထွေး	ဦးနတ်သီး	၁၄/မမန(နိုင်) ဝ၇၇၉၈၃	၄၅	အဖွဲ့ဝင်	
၁၁	ဒေါ်အကြူ	ဦးဖိုးမောင်	၁၄/မမန(နိုင်) ၁၆၂၅၃၇	၄၉	အဖွဲ့ဝင်	

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၅	၁၂	၂၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၀	၁၅	၃၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၂	၂၃	၄၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၀	၇	၁၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၀၀	၁၅၅	၃၅၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၅	၈	၁၃
စုစုပေါင်း		၂၅၂	၂၂၀	၄၈၂
စုစုပေါင်း အိမ်ထောင်စု		၁၂၀		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ရှမ်းကွင်းကျေးရွာ၏ လူဦးရေမှာ ၁နှစ်အောက်ကလေးငယ်ဦးရေ အနည်းငယ်ရှိပြီး အလုပ်လုပ်နိုင်သောလုပ်သားဦးရေမှာ ရွာ၏ထက်ဝက်ကျော်ရှိကြောင်းတွေ့ရှိရပါ သည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်ေ ော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၁	၆၅	၁၅	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၄	၁၅	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☑
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	၂	မြင့် ☐ လတ်☐ နိမ့် ☑
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၆၀	၆၀		
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၁၂၀	၁၃၄	၃၂	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”** အရေအတွက်တွင် **“မိသားစုဝင်လုပ်အား” ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)”** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင် ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့00လာ00တွေ့ရှိချက်။ ။ ရှမ်းကွင်းကျေးရွာတွင် စိုက်ပျိုးရေးကဏ္ဍ၌ ကျေးရွာ၏သုံးပုံနှစ်ပုံခန့်သည် လယ်သမားများဖြစ်ပြီး လုပ်သားအင်အားနည်းပါးလာခြင်း၊ မွေးမြူရေးလုပ်ငန်းတွင် စီးပွားဖြစ်မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်မွေးမြူကြခြင်းနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူအများအပြားရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၅၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ရှမ်းကွင်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ယောကျ်ားလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ (၅၀၀၀)ကျပ်ဖြစ်ပြီး အနည်းဆုံးတစ်နေ့ လုပ်အားခမှာ (၄၀၀၀) ကျပ်ဖြစ်ပါသည်။ မိန်းကလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ (၃၅၀၀)ကျပ်ဖြစ်ပြီး အနည်းဆုံး တစ်နေ့လုပ်အားခမှာ (၃၀၀၀) ကျပ်ဖြစ်ပါသည်။ လက်သမား၊ ပန်းရံလုပ်ငန်းတွင် ယောကျ်ားလေးများ၏ အများဆုံးလုပ်အားခမှာ(၅၀၀၀)ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ(၄၀၀၀)ကျပ်ဖြစ်သည်။ မိန်းကလေး များ၏အများဆုံးနှင့်အနည်းဆုံးလုပ်အားခမှာ(၄၀၀၀)ကျပ် ဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၀၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၀.၅	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	၁၁၅	ကောင်း ☐	သင့်☑	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း4	၄၆၅.၅	☒		

ရင်းမြစ် … (၁) ဆယ်အိ4မ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ရှမ်းကွင်းကျေးရွာ၏ လယ်စိုက်ပျိုးရေးမြေများနှင့် ဥယျာဉ်မြေများ ၏မြေဆီလွှာအရည်အသွေးအသင့်အတင့် ကောင်းမွန်ပြီးခနိတောမြေများအနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။

(၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား020	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☐ ✓	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ။ရှမ်းကွင်းကျေးရွာတွင်သဘာဝအပင်မျိုးစိတ် အနည်းငယ်မျှရှိပြီး အခြားတွင်းထွက်သယံဇာတနှင့် တိရစ္ဆာန်မျိုးစိတ်များမရှိကြောင်းတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၂ ဧက အထက်	၁၁ဧကအောက်	၅ ဧကအောက်	-

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အိမ်အခြေအနေ	ပျဉ်ထောင်သွပ်မိုး	ပျဉ်ခင်း၊ ဓနိမိုး	ဓနိမိုး၊ ဓနိမိုးကာ	
ကုန်ထုတ်လုပ်မှု နှင့် ဆိုင်သောပိုင် ဆိုင်မှု	ရိတ်စက်ခြေလှေစက်၊	ခြေလှေစက်	ရေတင်စက်လှေ	
အဓိကစီးပွားရေးလုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	စိုက်ပျိုးရေး	ကျပန်း
အိမ်ထောင်စု	၇	၂၀	၄၅	၄၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ရှမ်းကွင်းကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ(၇)၊ အလယ်အလတ်အိမ်ထောင်စု(၂၀)၊ ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုမှာ (၉၃)ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာ၌ဆင်းရဲမှုများပြီး အလုပ်အကိုင်နှင့် အခွင့်အလမ်းနည်းပါးကြောင်းတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

(ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁၅		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရှမ်းကွင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ် အိုနှင့် မသန်းစွမ်းများမရှိကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၍မိသားစုဦးရေများသည် မုဆိုးဖို၊ တစ်ခုလပ် အိမ်ထောင်စုမှ(၁၅)ဦးရှိပြီး အခြားဒေသသို့ကြာမြင့်စွာသွားရောက်လုပ်ကိုင်သည် ဆင်းရဲသောအိမ်ထောင်စု မရှိကြောင်းတွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရှမ်းကွင်းကျေးရွာတွင်မိုးရွာသွန်းမှုများပြားသည် မြစ်ရေတက်မှုကြောင့် လယ်ကွင်းများအား ရေလွှမ်းမိုးမှုရှိသော်လည်း ပျက်စီးဆုံးရှုံးမှုအနည်းငယ်သာရရှိပါသည်။ လောင်စာအတွက် ထင်းကိုသာအသုံးပြုရသည့်အတွက် နှစ်စဉ်သစ်ပင်ကို ခုတ်လဲအသုံးပြုသည့်အတွက် သစ်တောပြုန်းတီးမှုများပြားပါသည်။ ကူးစက်ရောဂါကျရောက်မှုရှိသော်လည်း တိုက်နယ်ဆေးရုံရှိ၍ ဆုံးရှုံးမှုမရှိကြောင်းတွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐

✓

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ထိခိုက်နိုင်မှုအန္တရာယ် နိမ့်၊ လတ်၊ မြင့် သတ်မှတ်ရာတွင် ပထမဦးစွာ မိမိကျေးရွာတွင် ထိခိုက်မှုခံရနိုင်သည့်သူများ သတ်မှတ်ပါ၊ ထို့နောက်ငင်းပုဂ္ဂများအလိုက် ထိခိုက်နိုင်သည့် အန္တရာယ်အမျိုးအစားဖော်ပြ၍ နိမ့်၊ လတ်၊ မြင့် သတ်မှတ်ရန်ဖြစ်သည်။

လေ့လာတွေ့ရှိချက်။ ။ ရှမ်းကွင်းကျေးရွာတွင်ထိခိုက်သက်ရောက်နိုင်သည့်အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။ကျပန်းလုပ်ကိုင်သူများသာဖြစ်ပါသည်။ ကျေးရွာသူ/သားများသည် စည်းလုံးညီညွတ်မှုရှိပြီး ထိခိုက်သူနည်းပါးကြောင်း တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်

	အမည်	(မှန်ရာတစ်ခု ကိုသာ ရွေးရန်)	ကျား	မ	ပေါင်း	(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
၁	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐	၉	၂	၁၁	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ကျောင်းေဝ်မတီ	၁☐ ၂☑ ၃☐	၇	၃	၁၀	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	မီးသတ်	၁☐ ၂☑ ၃☐	၇	-	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ပြည်သူ့စစ်	၁☐ ၂☑ ၃☐	၁၀	-	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ဂေါပက	၁☐ ၂☐ ၃☑	၇	-	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၆	မိခင်နှင့်က လေးစောင့် ရှောက်ရေး	၁☐ ၂☑ ၃☐		၆	၆	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	လူငယ်	၁☐ ၂☑ ၃☐	၁၀	-	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ရှမ်းကွင်းကျေးရွာတွင် အဖွဲ့အစည်း(၇)ခုရှိပါသည်။ပညာရေးနှင့်ပတ်သက်သော ကိစ္စများဆောင်ရွက်ရန်အတွက် ကျောင်းကော်မတီအဖွဲ့နှင့်ရပ်မိရပ်ဖအဖွဲ့၊ ကျေးရွာလုံခြုံရေးနှင့် ကာကွယ်ရေးအတွက်ပြည့်သူစစ်နှင့်မီးသတ်တပ်ဖွဲ့၊ကျေးရွာ၏သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး၊ ဘာသာ ရေးကိစ္စများဆောင်ရွက်ရန် ဂေါပကအဖွဲ့နှင့်လူငယ်အဖွဲ့တို့ရှိကြောင်းတွေ့ရှိရပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	စတာပနာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	Pact Myanmar	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	Easy	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။
မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ရှမ်းကွင်းကျေးရွာတွင် အတိုးနှုန်းနည်းစွာဖြင့် ငွေချေးပေးသော ပြင်ပအဖွဲ့အစည်းများမှာ Pact Myanmar ၊ စတာပနာနှင့် Easy ရှိကြောင်း တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်စား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၄၈	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၇	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၂၀	

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ရှမ်းကွင်းကျေးရွာတွင် မြေယာမဲ့များမှာ ရွာ၏သုံးပုံတစ်ပုံခန့်ရှိပြီး စိုက်ပျိုး မြေပိုင်ဆိုင်သော လယ်ယာရှင်များထံတွင် နေ့စားလုပ် သားအဖြစ်ဝင်ရောက် လုပ်ကိုင်ခြင်းဖြင့် အလုပ် အကိုင်အခွင့်အလမ်းများရရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☐
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☐
၆	လက်ဝင် ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၈	ချောင်းရေ	၃၁၀.၅	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐	ရှိ☑ မရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ရှမ်းကုန်းကျေးရွာတွင် လယ်မြေနှင့်ဥယျာဉ် စိုက်ပျိုးရေးအတွက် ချောင်းရေကိုသာ တစ်နှစ်ပတ်လုံး အသုံးပြုကြကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
မိုးစပါး	၂၂၅	တင်း	၄၀	၅၀	၄၅	ဇူလိုင်	နိုဝင်ဘာ	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑
နွေစပါး	၂၂၅	တင်း	၉၀	၁၀၀	၉၅	ဒီဇင်ဘာ	ဧပြီ	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရှမ်းကုန်းကျေးရွာတွင် စိုက်ပျိုးရန်အတွက် သွင်းအားစုအသင့်အတင့်ရရှိပြီး မြေဩဇာ၊ဒီဇယ်၊ပိုးသတ်ဆေးနှင့်မြက်သက်ဆေးများ ဈေးကြီးသောကြောင့် အကြွေးယူသုံးစွဲရသဖြင့် သီးနှံပေါ်ချိန်တွင် ဈေးကောင်းရသည်အထိ မစောင့်နိုင်ဘဲ ရရာဈေးဖြင့်သာ ရောင်းချရသဖြင့် အမြတ်ရရှိမှုနည်းပါးကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်				၂၅
လက်တွန်းထွန်စက်				
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				၂၀
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၃၂			
ရေစုပ်စက်	၄၂			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၂			

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရှမ်းကွင်းကျေးရွာတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သူ(၇၂)ဦးရှိပါသည်။ လယ်ယာသုံးစက်ပစ္စည်းများ ပိုင်ဆိုင်သောသူတစ်ချို့တစ်ဝက်သာရှိပြီး ငှားရမ်းလုပ်ကိုင်သောတောင်သူ အများဆုံးရှိကြောင်း တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☑ အသင့်အတင့်ရှိ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ရှမ်းကွင်းကျေးရွာတွင် ရာသီဥတုသင့်တင့်မျှတပါသည်။ကျေးရွာတွင် နေထိုင်သည့် အိမ်ထောင်စု(၇၂)စုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ပြီး စိုက်ပျိုးရေးအတွက် လိုအပ်သောရေကို အလွယ်တကူရရှိနိုင်ပါသည်။ သီးနှံထုတ်ကုန်များကိုရောင်းချနိုင်သော်လည်း စျေးနှုန်းမှန်ကန်စွာမရရှိကြောင်း တွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန်☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☑ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့်

✓

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။
	မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ☑ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

